**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာနည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၄/၂၀၂၀**

**၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၀ ရက်)**

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀၆ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက် ဖြင့် ဤနည်းဥပဒေများကိုထုတ်ပြန်လိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကိုဆိုသည်။

(ခ) **ကောင်စီဝင်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ၏ ကောင်စီဝင် တစ်ဦးဦးကိုဆိုသည်။

(ဂ) **ပရိသတ်** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သည့် အစီအစဉ်များကို ဖမ်းယူကြည့်ရှုနားဆင်သူ များကိုဆိုသည်။

(ဃ) **ပရိသတ်အများဆုံးကြည့်ရှုသည့်အချိန်** ဆိုသည်မှာ တစ်နေ့တာရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု အစီအစဉ်များအတွင်း ဖမ်းယူကြည့်ရှု နားဆင်သူပရိသတ်အရေအတွက် အများဆုံးအချိန်ကိုဆိုသည်။

(င) **ရေဒီယိုလှိုင်းနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ အသံလွှင့်ရုံမှ ထုတ်လွှင့်သည့် အသံလှိုင်းနှုန်းများ ကိုဆိုသည်။

(စ) **ရုပ်မြင်သံကြားလှိုင်းနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ရုပ်မြင်သံကြားဌာနတစ်ခုခုမှ ထုတ်လွှင့်သည့် ရုပ်ပုံနှင့် အသံလှိုင်းနှုန်းများကို ဆိုသည်။

(ဆ) **လိုင်စင်ကြေး** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် ကောင်စီကသတ်မှတ်သည့် လိုင်စင်ကြေးကိုဆိုသည်။ ယင်းစကားရပ်တွင်

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့် ခြင်းဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင်ကြေးလည်းပါဝင်သည်။

(ဇ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင်ပါရှိသော ပုံစံများကိုဆိုသည်။

(ဈ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ဖွဲ့စည်းပေးသည့် ကောင်စီဝင် ရွေးချယ်တင်မြှောက်ရေး လုပ်ငန်းကော်မတီကို ဆိုသည်။

(ည) **တိုင်ကြားလွှာ** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းတစ်ခုခုကဖြစ်စေ၊ ယင်းလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူတစ်ဦးဦးကဖြစ်စေ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းအတွက် အရေးယူပေးရန် နစ်နာသူက ကောင်စီသို့ တိုင်ကြားသည့် လျှောက်လွှာကိုဆိုသည်။

(ဋ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ တိုင်ကြားလွှာများကို လက်ခံစိစစ်ရန်နှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန် ကောင်စီက တာဝန်ပေးအပ်သည့်အဖွဲ့ကိုဆိုသည်။

(ဌ) **လိုင်စင်ရရှိသူ** ဆိုသည်မှာ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် တစ်ခုခုကိုဖြစ်စေ၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းယာယီလိုင်စင် တစ်ခုခု ကို ဖြစ်စေရရှိသူကိုဆိုသည်။

(ဍ) **လှိုင်းနှုန်းခွင့်ပြုမှတ်တမ်း** ဆိုသည်မှာ လှိုင်းနှုန်းအသုံးပြုခွင့်ရသူ၏ အမည်၊ ခွင့်ပြုသည့် လှိုင်းနှုန်း၊ ခွင့်ပြုလှိုင်းနှုန်းကို အသုံးပြုပုံနှင့် အခြားသက်ဆိုင်သောအချက်များပါဝင်သည့် စာရင်းမှတ်တမ်းကိုဆိုသည်။

(ဎ) **ရုံးအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ရုံးလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။

## အခန်း (၂)
## ကောင်စီဝင်ရွေးချယ်ခန့်အပ်ခြင်း

၃။ အဖွဲ့သည် ဥပဒေပုဒ်မ ၁၁ အရ ပဏာမ ရွေးချယ်ထားသူများ၏ အမည်စာရင်းကို ကြိုတင်ထုတ်ပြန် ကြေညာနိုင်ရေးအတွက် အထောက်အကူပြု ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၄။ လုပ်ငန်းကော်မတီသည် ကောင်စီဝင်များ ရွေးချယ်ရာတွင် အများပြည်သူ၏ ပါဝင်ဆောင်ရွက်မှုကို အားပေးရန် အောက်ပါနည်းလမ်းများဖြင့် ဆောင်ရွက်ရမည်-

(က) ဥပဒေပုဒ်မ ၁၀ အရ ပဏာမရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ၎င်းတို့၏ ကိုယ်ရေးအကျဉ်းကို သတင်းစာ၊

ရုပ်မြင်သံကြားနှင့် ရေဒီယိုစသည့် လူထုဆက်သွယ်ရေး မီဒီယာများမှသော်လည်းကောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့နှင့်ကောင်စီ၏ အင်တာနက်စာမျက်နှာမှသော်လည်းကောင်း ထုတ်ပြန်ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါ သတ်မှတ်ကာလအတွင်း ပဏာမရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ လုပ်ရည် ကိုင်ရည်၊ အကျင့်စာရိတ္တ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းနှင့် စပ်လျဉ်း၍ အများပြည်သူက ဝေဖန်တုံ့ပြန်မှုများကို ဝန်ကြီးဌာန၊ အဖွဲ့နှင့်ကောင်စီ၏ အင်တာနက်စာမျက်နှာနှင့် ရုံးအဖွဲ့မှတစ်ဆင့် လက်ခံရယူရမည်။

(ဂ) နည်းဥပဒေခွဲ(ခ)အရ သတ်မှတ်ကာလအတွင်း လက်ခံရရှိသည့် အများပြည်သူ၏ ဝေဖန်တုံ့ပြန်မှုများနှင့် စပ်လျဉ်း၍ အစီရင်ခံစာပြုစုပြီး အဖွဲ့သို့တင်ပြရမည်။

၅။ အဖွဲ့သည် လုပ်ငန်းကော်မတီက တင်ပြသည့် အစီရင်ခံစာကို ရရှိသည့်နေ့မှရက်ပေါင်း ၃၀ အတွင်းစိစစ်ပြီး အစီရင်ခံစာကို ပဏာမရွေးချယ်ထားသည့် အဖွဲ့ဝင်များ၏ ကိုယ်ရေးအကျဉ်းနှင့် အတူ နိုင်ငံတော်သမ္မတထံသို့ တင်ပြရမည်။

၆။ ရွေးချယ်ခန့်အပ်ခြင်းခံရသည့် ကောင်စီဝင်များသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခန့်အပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတ ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်။

၇။ ကောင်စီဝင်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် ဥပဒေပုဒ်မ ၁၂ အရ ရွေးချယ်ခန့်အပ်ခြင်း ခံရသည့်နေ့ရက်တွင် သက်ဆိုင်ရာမီဒီယာလုပ်ငန်းနှင့် အဖွဲ့အစည်းများမှ နုတ်ထွက်ပြီးကြောင်း သို့မဟုတ် သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်း အထောက်အထားကို အဖွဲ့သို့ပေးပို့တင်ပြရမည်။

၈။ ရွေးချယ်ခန့်အပ်ခြင်းခံရသည့် ကောင်စီဝင်များသည် ယင်းတို့ထဲမှ ကောင်စီဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် အတွင်းရေးမှူးတစ်ဦးတို့ကို လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးကောက်တင်မြှောက်ရမည်။

၉။ ကတိသစ္စာပြုပြီးနောက်တွင် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များပြီးဆုံးသည်။

## အခန်း(၃)

## ကောင်စီဝင် အစားထိုးရွေးချယ်ခြင်းနှင့် သက်တမ်း

၁၀။ ကောင်စီဝင်တစ်ဦးဦးသည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့် ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ကောင်စီဝင် ရာထူးနေရာ လစ်လပ်လျှင် ထိုလစ်လပ်သွားသော ကောင်စီဝင်ရာထူးနေရာအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီဝင်အဖြစ် ရွေးချယ်ခံရသူမှအပ မူလအဆိုပြု ရွေးချယ်ထားသော ပုဂ္ဂိုလ်များထဲမှ ရွေးချယ်၍ နိုင်ငံတော်သမ္မတက ခန့်အပ်ရမည်။

၁၁။ နည်းဥပဒေ ၁၀ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် မူလကောင်စီဝင်၏ ကျန်ရှိသည့်ရာထူးသက်တမ်းအတွက်သာဖြစ်သည်။

၁၂။ အဖွဲ့သည် ကောင်စီ၏သက်တမ်းငါးနှစ်မပြည့်မီ အနည်းဆုံး တစ်လကြိုတင်၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ အသစ်ဖွဲ့စည်းမည့် ကောင်စီကို ရွေးချယ်တင်မြှောက်ရမည်။

## အခန်း (၄)

## ကောင်စီဝင်များ၏ ရပိုင်ခွင့်များ၊ အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ (Conflicts of Interest) နှင့် အစည်းအဝေးကျင်းပခြင်း

၁၃။ ကောင်စီဝင်များသည် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက် မှုအား မူဝါဒကြီးကြပ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်မှုပေးခြင်းများအတွက် သင့်လျော်သည့် ကုန်ကျ စရိတ်နှင့် အသုံးစရိတ်များ ကို ကောင်စီ၏ သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိသည်။

**အကျိုးစီးပွားဆိုင်ရာပဋိပက္ခများ (Conflicts of Interest)**

၁၄။ ကောင်စီဝင်များသည်-

(က) လိုင်စင်ချထားပေးခြင်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးများတွင် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင် လျှောက်ထားသူနှင့် အကျိုးစီးပွားဆက်စပ်မှု တစ်စုံတစ်ရာ ရှိ မရှိကို ဥက္ကဋ္ဌ အပါအဝင် ကောင်စီဝင်တိုင်းက အစည်းအဝေး မစတင်မီ ဦးစွာထုတ်ဖော်တင်ပြ ရမည်။

(ခ) နည်းဥပဒေခွဲ (က)ပါ တင်ပြချက်များကို အစည်းအဝေးတက်ရောက်သည့် ကောင်စီဝင် များက သုံးသပ်ဆွေးနွေးပြီး အကျိုးစီးပွား တစ်စုံတစ်ရာ ဆက်စပ်မှုရှိသည့် ကောင်စီဝင် များကိုလိုင်စင်ချထားပေးမှု ဆိုင်ရာ ဆွေးနွေးမှုတွင်ပါဝင်ခွင့် ပြု မပြု ဆုံးဖြတ်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ)ပါ ဆုံးဖြတ်ချက်အရ ဆွေးနွေးမှုတွင် ပါဝင်ခွင့်မရှိသည့် ကောင်စီဝင်များသည် ၎င်းလိုင်စင်ချထားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်သည့် အချိန်တွင် အစည်းအဝေးခန်းမှ ထွက်ခွာပေးရမည်။ ကျန်အစည်းအဝေးအစီအစဉ် များတွင် ပုံမှန်အတိုင်း ပါဝင်တက်ရောက်ခွင့်ရှိသည်။

**အစည်းအဝေးကျင်းပခြင်း**

၁၅။ ရုံးအဖွဲ့သည် ကောင်စီ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အစည်းအဝေး များကို အောက်ပါအတိုင်းကျင်းပရမည်-

(က) အစည်းအဝေးကျင်းပမည့် အချိန်နှင့် နေရာကို အစည်းအဝေးကျင်းပခြင်းမပြုမီ ရုံးဖွင့်ရက် ပေါင်း ငါးရက်ကြိုတင်၍ ကောင်စီဝင်များထံ စာဖြင့်အကြောင်းကြားရမည်။ အစည်းအဝေး ကို အရေးပေါ်ကျင်းပခြင်း ဖြစ်လျှင် အချိန်မီအကြောင်းကြားရမည်။

(ခ) ပညာရပ်ပိုင်းဆိုင်ရာဖြစ်စေ၊ နည်းပညာပိုင်းဆိုင်ရာဖြစ်စေ အသေးစိတ်သတင်းအချက်အလက် ရယူဆောင်ရွက်ရန် လိုအပ်သည့် ဆွေးနွေးမှုများအတွက် ကောင်စီဝင်များအားလုံးရှင်းလင်းစွာ သိရှိနိုင်ရန်နှင့် အကျေအလည်ဆွေးနွေးနိုင်ရန် ရုံးအဖွဲ့က ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ အဆင့်မြင့်အရာထမ်းများနှင့် ပြင်ပပညာရှင်များကို အစည်းအဝေးသို့ တက်ရောက်ရန် လိုအပ်ပါက ဖိတ်ခေါ်ပေးရမည်။

(ဂ) ကောင်စီ၏ အစည်းအဝေးများတွင် အစည်းအဝေးမှတ်တမ်းတင်ရန် ကောင်စီဝင်တစ်ဦးကို သတ်မှတ်တာဝန်ပေးရမည်။ ယင်းအစည်းအဝေးမှတ်တမ်းတွင် ကောင်စီဝင်များ၏ သဘောထားများ၊ ဆွေးနွေးသုံးသပ်ချက်များနှင့် ဆုံးဖြတ်ချက်များကို ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပြီးယင်းမှတ်တမ်းကို ကောင်စီ၏ အနီးကပ်ဆုံး အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၅)

## ကောင်စီ၏ လုပ်ငန်းတာဝန်များ လွှဲပြောင်းလက်ခံခြင်း

၁၆။ နိုင်ငံတော်သမ္မတက ကောင်စီအသစ်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းကောင်စီပိုင် အောက်ပါငွေကြေး၊ စာရွက်စာတမ်းနှင့် ပစ္စည်းများကို သက်တမ်းကုန်ဆုံး မည့် ကောင်စီက ကောင်စီအသစ်သို့ စနစ်တကျလွှဲပြောင်းရမည်-

(က) ကောင်စီ၏ရန်ပုံငွေနှင့်ငွေစာရင်းများ၊

(ခ) ရရန်ရှိငွေနှင့် ပေးရန်ရှိငွေများ၊ ယင်းတို့နှင့်စပ်လျဉ်းသည့် စာရင်းဇယားများ၊

(ဂ) ကောင်စီ၏ ရုံးသုံးပစ္စည်းများ၊ ပရိဘောဂများ၊ စာရွက်စာတမ်းများ၊ မှတ်တမ်းများ၊ စာတွဲများ၊ စာအုပ်များ၊

(ဃ) ဝန်ထမ်းစာရင်းနှင့်လုပ်ငန်းတာဝန်ခွဲဝေပုံများ၊

(င) စာချုပ်စာတမ်းများ၊ ဘဏ်စာအုပ် စသည်များ၊

(စ) ကောင်စီက ဖွဲ့စည်းပေးသည့် ရုံးအဖွဲ့၏ လုပ်ငန်းဆိုင်ရာ အမှုတွဲများ၊

(ဆ) ကောင်စီကပိုင်သော သို့မဟုတ် အသုံးပြုလျက်ရှိသော အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် အခြားပစ္စည်းများ။

၁၇။ ကောင်စီ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ကောင်စီအသစ်သို့ လွှဲပြောင်းပြီးသည့် အချိန်မှစ၍ သက်တမ်းကုန်ဆုံးသွားသည့် ကောင်စီ၏ တာဝန်ပြီးဆုံးသည်ဟုမှတ်ယူရမည်။

၁၈။ သက်တမ်းကုန်ဆုံးသွားသည့် ကောင်စီ၏ လက်ထက်တွင် မပြီးပြတ်သေးသော အမှုကိစ္စများနှင့် လုပ်ငန်းတာဝန်အားလုံးကို လွှဲပြောင်းလက်ခံသည့် ကောင်စီအသစ်က ဆက်လက်တာဝန်ယူဆောင်ရွက် ရမည်။

## အခန်း (၆)

## ဘဏ္ဍာရေးနှင့် ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၁၉။ ကောင်စီသည် ဥပဒေပုဒ်မ ၂၇ ပါ ရငွေများကို သီးခြားစီ ဘဏ်စာရင်းဖွင့်လှစ်၍ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ စနစ်တကျ စာရင်းပြုစုခြင်း၊ မှတ်တမ်းထားရှိခြင်း၊ ဘဏ္ဍာငွေစာရင်း ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကူအညီဖြင့် ရေးဆွဲသတ်မှတ်ခြင်းနှင့် နည်းလမ်းတကျ သုံးစွဲခြင်းတို့ပြုရမည်။

၂၀။ ကောင်စီသည် လုပ်ငန်းဆိုင်ရာ အောက်ပါအသုံးစရိတ်များကို သတ်မှတ်ပြီး ဥပဒေပုဒ်မ ၂၇ ပါ ရန်ပုံငွေ များမှ ကျခံသုံးစွဲရန် ဆုံးဖြတ်နိုင်သည်-

(က) ပြည်တွင်းပြည်ပ အစည်းအဝေးများ၊ ဟောပြောပွဲများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အခမ်းအနား များအတွက် ကုန်ကျစရိတ်များ၊ နေ့တွက်စရိတ်၊ ခရီးစရိတ်နှင့် တည်းခို စရိတ်များ၊

(ခ) လူမှုရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လှူဒါန်းငွေများ၊

(ဂ) စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ အတွက် ကူညီထောက်ပံ့မှုများ၊

(ဃ) ရုပ်မြင်သံကြားနှင့် အသံလွှင့်သတင်းဆုနှင့် အစီအစဉ်ထူးချွန်ဆုများအပါအဝင် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချီးမြှင့်သည့် ဆုကြေးနှင့် အသုံးစရိတ်များ၊

(င) ကောင်စီက ထုတ်ဝေသည့် စာစောင်များအတွက် ကုန်ကျစရိတ်များ၊ စာအုပ်စာတမ်းများ၊ အင်တာနက် စာမျက်နှာများ၊ လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်မီဒီယာများအတွက် ကုန်ကျ စရိတ်များ၊

(စ) နိုင်ငံတကာ ရုပ်သံလွှင့်အဖွဲ့အစည်းများတွင် အသင်းဝင်ခြင်း၊ မှတ်ပုံတင်ခြင်း၊ သက်တမ်း တိုးခြင်းဆိုင်ရာ ထည့်ဝင်ရသည့် ကုန်ကျစရိတ်များ၊

(ဆ) ရုံးအဖွဲ့၏ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေ။

၂၁။ ကောင်စီသည် ဥပဒေပုဒ်မ ၂၇ ပါ ရငွေများဖြင့် ထူထောင်သော ရန်ပုံငွေ ထိန်းသိမ်းသုံးစွဲ ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လစဉ် အသုံးစရိတ်ဖြစ်သော ငှားရမ်းခများ၊ ဝန်ထမ်းလစာများ၊ ပုံမှန်အစည်းအဝေး စရိတ်များ၊ စာရေးကိရိယာ၊ စာအုပ်စာတမ်းဝယ်ယူမှု၊ လျှပ်စစ်ဓာတ်အားခ၊ တယ်လီဖုန်းဆက်သွယ်ပြောဆိုခနှင့် အခြားကုန်ကျစရိတ်များအတွက် သီးခြားငွေစာရင်း ဖွင့်လှစ်ခြင်း၊

(ခ) ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကောင်စီဝင် သုံးပုံ နှစ်ပုံ၏ သဘောတူညီချက်ဖြင့် ဘဏ္ဍာရေး စည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) လစဉ်နှင့် နှစ်စဉ်ရငွေ၊ သုံးငွေစာရင်းများကို ကောင်စီက တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏ စာရင်းစစ်ဖြင့် စစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှု ခံယူခြင်း၊

(င) လစဉ်စာရင်းစစ်ဆေးခြင်း၊ ခြောက်လပတ်စစ်ဆေးခြင်းနှင့် နှစ်ချုပ်စစ်ဆေးခြင်းဆိုင်ရာ မှတ်တမ်းကို ကောင်စီအစည်းအဝေးတွင် ဆုံးဖြတ်ခြင်းနှင့် အတည်ပြုခြင်း၊

(စ) နိုင်ငံတော်သမ္မတထံသို့ တင်ပြသည့်စာရင်းစစ်အစီရင်ခံစာတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်၏ စစ်ဆေးချက်နှင့်ကောင်စီက အရေးယူဆောင်ရွက်မှုများကို ဖော်ပြခြင်း။

## အခန်း (၇)

## လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် လိုင်စင်ကြေးသတ်မှတ်ကောက်ခံခြင်း

၂၂။ နောက်ဆက်တွဲ (က) ပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အား လုပ်ကိုင်လိုသူသည် ကောင်စီက လိုင်စင်လျှောက်ထားနိုင်ကြောင်း စတင် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ကောင်စီသို့ လိုင်စင်လျှောက်ထားရမည်။

၂၃။ ဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ (က) အရ လုပ်ငန်းလုပ်ကိုင်လိုသူ သို့မဟုတ် အဖွဲ့အစည်းသည် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်-

(က) လျှောက်ထားသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ခ) လျှောက်ထားသူ သို့မဟုတ် အဖွဲ့အစည်း၏ ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံ လက်မှတ် သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ မှတ်ပုံတင်လက်မှတ် မိတ္တူပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူများနှင့် မတည်ရင်းနှီးမြှုပ်နှံသူပိုင်ရှင်များ၏ ကိုယ်ရေးအချက်အလက် ပူးတွဲ ဖော်ပြရ မည်။

(ဃ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက် လျက်ရှိသည့် အဖွဲ့အစည်းဖြစ်ပါက လျှောက်ထားသည့် လုပ်ငန်းအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့် မိတ္တူ ပူးတွဲတင်ပြရမည်။

(င) အောက်ပါအချက်အလက်များပါဝင်သည့် လုပ်ငန်းစီမံချက်ကို ပူးတွဲဖော်ပြရမည်-

(၁) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏နောက်ခံအချက်အလက်၊

(၂) တစ်ဦးတည်းပိုင် သို့မဟုတ် အစုစပ်ပိုင် သို့မဟုတ် အသင်းအဖွဲ့ပိုင် သို့မဟုတ် ကုမ္ပဏီပိုင်စသည့် ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊

(၃) အစုစပ်၊ အသင်းအဖွဲ့၊ ကုမ္ပဏီဖြစ်ပါက ရင်းနှီးမြှုပ်နှံမှု အမျိုးအစား၊

(၄) ဖွဲ့စည်းမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊

(၅) လုပ်ငန်းနယ်ပယ်ဆိုင်ရာ အတွေ့အကြုံ၊

(၆) လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းအင်အားနှင့် ဖွဲ့စည်းပုံ၊

(၇) အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်အဖွဲ့အစည်းများ၊

(၈) လိုက်နာစောင့်ထိန်းမည့် သတင်းမီဒီယာကျင့်ဝတ်၊

(၉) ခန့်မှန်းငွေကြေးစီးဆင်းမှုပုံစံအပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများ၊

(၁၀) မိမိလုပ်ကိုင်ဆောင်ရွက်လိုသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား၊ ထုတ်လွှင့်မည့် ရုပ်သံလိုင်း အရေအတွက်၊ ရည်မှန်းပရိသတ်၊ အစီအစဉ်အချိုးအစား၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဇုန် ဧရိယာနှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြချက်၊

(၁၁) ဈေးကွက်ခန့်မှန်းချက်နှင့်သုံးသပ်ချက်၊

(၁၂) ရန်ပုံငွေအရင်းအမြစ်များ။

(စ) အောက်ပါနည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များအား ထည့်သွင်းဖော်ပြရမည်-

(၁) ရုပ်သံထုတ်လွှင့်ရေး စက်ရုံများ၏ လွှင့်အားနှင့် တည်နေရာတို့ကို ဖော်ပြထားသည့် ကွန်ရက်ချိတ်ဆက်မှု ပုံကြမ်းအပါအဝင် အဆိုပြုကွန်ရက်၊

(၂) နည်းပညာပိုင်းဆိုင်ရာ တာဝန်ခံဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ အတွေ့အကြုံနှင့် အရည်အချင်း ဖော်ပြချက်အကျဉ်း၊

(၃) အသုံးပြုမည့် စတူဒီယို၊ အဆောက်အဦ၊ စက်ပစ္စည်းများ၊ ထုတ်လွှင့်စက်များနှင့် အင်တာနာများ၏ နည်းပညာပိုင်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်၊

(ဆ) အဓိကအစီအစဉ်အမျိုးအစားနှင့် ရောနှောတင်ဆက်မည့် အစီအစဉ်အချိုးအစားကို ဖော်ပြသည့် စီမံချက်၊

(ဇ) လိုင်စင်ရရှိသူများသည် ကောင်စီက ထုတ်ပြန်သည့်စည်းကမ်းများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း ကိုယ်တိုင် ကတိပြုဝန်ခံချက်၊

(ဈ) ကောင်စီကသတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၂၄။ မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားသူ သို့မဟုတ် အဖွဲ့အစည်းသည်-

(က) နိုင်ငံရေးပါတီတစ်ခုခုတွင် ဗဟိုအဆင့်ဦးဆောင်သူမဖြစ်စေရ၊ အဆိုပါလိုင်စင် လျှောက်ထားသည့် အဖွဲ့အစည်း၌ လွှမ်းမိုးပိုင်ခွင့်ရှိသူမဖြစ်စေရ၊

(ခ) သာသနာ့ဝန်ထမ်းမဖြစ်စေရ၊

(ဂ) အကျင့်စာရိတ္တပျက်ပြားမှုနှင့် စပ်လျဉ်း၍ တရားရုံးတစ်ခုခုမှ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသူ သို့မဟုတ် အဖွဲ့အစည်းမဖြစ်စေရ၊

(ဃ) စိတ်ပေါ့သွပ်သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ မဖြစ်စေရ။

၂၅။ နည်းဥပဒေ ၂၃ အရ လိုင်စင်လျှောက်ထားရာတွင် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းအတွက် ပုံစံ ၁၊ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက် ပုံစံ ၂၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းအတွက် ပုံစံ ၃၊ ဌာနပိုင်ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းအတွက် ပုံစံ ၄၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းအတွက် ပုံစံ ၅၊ ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင်အတွက် ပုံစံ ၆ တို့ဖြင့် အချက် အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

၂၆။ လိုင်စင်လျှောက်ထားသူ သို့မဟုတ် အဖွဲ့အစည်းသည် နည်းဥပဒေ ၂၅ အရ သတ်မှတ်လျှောက်လွှာ ပုံစံတွင် ရုံးခွန်တံဆိပ်ခေါင်းကျပ် ၅၀,၀၀၀ တန်ကပ်ပြီး ကောင်စီသို့ ပေးပို့လျှောက်ထားရမည်။

၂၇။ ကောင်စီသည်လျှောက်လွှာအားစိစစ်၍ ပြည့်စုံမှန်ကန်မှုရှိပါက လျှောက်ထားသူအားလိုင်စင် စိစစ်မှု အတွက် လျှောက်လွှာတင်သွင်းသည့်နေ့မှ ၄၅ ရက်အတွင်း အကြောင်းကြားရမည်။ လိုင်စင်စိစစ်ခများကို ကောင်စီ၏မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းသို့ ချလန်ဖြင့် ပေးသွင်းစေရမည်။

၂၈။ အချက်အလက်ပြည့်စုံမှန်ကန်ခြင်းမရှိသည့် လျှောက်လွှာများနှင့်စပ်လျဉ်း၍ အကျိုးအကြောင်း ဖော်ပြလျက် လိုင်စင်စိစစ်မှု ဆက်လက်လုပ်ဆောင်မည်မဟုတ်ကြောင်းကို လျှောက်လွှာတင်သွင်း သည့်နေ့မှ ၄၅ ရက် အတွင်း လျှောက်ထားသူထံသို့အသိပေးအကြောင်းကြားရမည်။

၂၉။ လိုင်စင်စိစစ်ခများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ယာယီလိုင်စင်အတွက် လိုင်စင်စိစစ်ခ | ကျပ် နှစ်သိန်း |
| (ခ) | ရေဒီယိုအသံထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင်အတွက် လိုင်စင်စိစစ်ခ | ကျပ် ငါးသိန်း |
| (ဂ) | ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းလုပ်ငန်းလိုင်စင်အတွက် လိုင်စင်ခ | ကျပ် ၁၅ သိန်း |
| (ဃ) | ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းအတွက်လိုင်စင်စိစစ်ခ | ကျပ် ၅၀ သိန်း |

၃၀။ နည်းဥပဒေ ၂၉ အရ ကောက်ခံသည့် လိုင်စင်စိစစ်ခများအား မည်သည့်အကြောင်းပြချက်နှင့်မျှ ပြန်လည် ထုတ်ယူခွင့်မရှိစေရ။

၃၁။ ကောင်စီသည် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားသူက ပေးသွင်းချလန် တင်ပြလာပါက အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရုံးဖွင့်ရက် ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူနှင့် အကဲဖြတ်အစည်းအဝေး တစ်ရပ်ကို ကျင်းပရမည်။

(ခ) တင်သွင်းထားသောစာရွက်စာတမ်းများ၊ လျှောက်ထားသူနှင့် ပြုလုပ်သည့်အစည်းအဝေး နှင့်လုပ်ငန်း ခွင့်ပြုနိုင်မှု အခြေအနေတို့ကို အခြေခံ၍ အဆိုပါလျှောက်ထားလာမှုအား အချိန်ထပ်တိုးခြင်းမရှိဘဲ ရုံးဖွင့်ရက် ရက်ပေါင်း ၉၀ အတွင်း အဆုံးအဖြတ်ပေးရမည်။

(ဂ) လိုင်စင်ချထားပေးရန် သဘောတူညီပါက လိုင်စင်လျှောက်ထားသူ သို့မဟုတ် အဖွဲ့အစည်းအား သတ်မှတ်လိုင်စင်ကြေးကို ကောင်စီ၏ မြန်မာ့စီးပွားရေးဘဏ် ငွေစာရင်းသို့ ချလန်ဖြင့် ပေးသွင်းစေရန် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၁၅ ရက်အတွင်း အကြောင်းကြားရမည်။

(ဃ) လိုင်စင်ချထားပေးရန် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပါက ယင်းဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၁၅ ရက်အတွင်း အကြောင်းကြားရမည်။

(င) နည်းဥပဒေခွဲ (ဂ) အရ လိုင်စင်ကြေးပေးသွင်းပြီးကြောင်း တင်ပြလာပါက အများပြည်သူ ဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအတွက် လိုင်စင်ပုံစံ ၇ ကို လည်းကောင်း၊ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းအတွက် လိုင်စင်ပုံစံ ၈ ကိုလည်းကောင်း၊ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအတွက် လိုင်စင်ပုံစံ ၉ ကို လည်းကောင်း၊ ဌာနပိုင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအတွက် လိုင်စင် ပုံစံ ၁၀ ကို လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းအတွက် လိုင်စင် ပုံစံ ၁၁ ကိုလည်းကောင်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း ယာယီလိုင်စင် များအတွက် ပုံစံ ၁၂ ကိုလည်း ကောင်း ရုံးဖွင့်ရက်ရက်ပေါင်း ၁၅ ရက်အတွင်း ထုတ်ပေး ရမည်။

၃၂။ လျှောက်ထားသူ သို့မဟုတ် အဖွဲ့အစည်းသည် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ကြောင်း ကောင်စီ၏ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါက ယင်းသို့ ငြင်းပယ်ခံရကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတထံ အယူခံလွှာ တင်သွင်းနိုင်သည်။

၃၃။ ကောင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် နည်းဥပဒေ ၃၂ အရ နိုင်ငံတော်သမ္မတထံ အယူခံ လျှောက်လွှာ တင်သွင်းခဲ့ပါက ကောင်စီသည် နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်ရရှိသည့်

နေ့ရက်မှစ၍ ရုံးဖွင့် ရက်ပေါင်း ၁၅ ရက်အတွင်း နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်နှင့်အညီ မူလဆုံးဖြတ်ချက်အား အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ထုတ်ပြန်ပေးရမည်။ ကောင်စီ၏ မူလဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတက ပယ်ဖျက်ပါက လိုင်စင်ထုတ်ပေးရန် ဆုံးဖြတ်ကြောင်းကို လျှောက်ထားသူထံသို့ ရုံးဖွင့်ရက် ရက်ပေါင်း ၁၅ ရက် အတွင်း အကြောင်းကြားရမည်။

၃၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားသူသည် မိမိလုပ်ငန်းကို အင်တာနက်တွင် လွှင့်တင်ပါက စတင်အသုံးပြုသည့် နေ့ရက်မှစ၍ ၁၄ ရက်အတွင်း အင်တာနက်လိပ်စာကို ကောင်စီသို့ တင်ပြရမည်။

၃၅။ (က) နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ(င) အရ ထုတ်ပေးသည့် လိုင်စင်၏ သက်တမ်းသည် အောက်ပါ အကြောင်းတစ်ရပ်ရပ်ကြောင့်မှအပ ထုတ်ပေးသည့် နေ့ရက်မှစ၍ ဥပဒေပုဒ်မ ၃၈ ပါ သက်တမ်းအတိုင်း ဖြစ်စေရမည်-

(၁) အသိအမှတ်ပြုလက်မှတ်ရရှိသူ သေဆုံးပြီး ရက်ပေါင်း ၆၀ အတွင်း အမည်ပြောင်းလဲခွင့် လျှောက်ထားမှု မပြုခြင်း၊

(၂) ဥပဒေပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုင်စင်အား ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း၊ ပျက်ပြယ်ခြင်း၊

(၃) လုပ်ငန်းလွှဲပြောင်းပေးခြင်း၊

(၄) ဥပဒေ ပုဒ်မ ၄၉ အရ ပိုင်ဆိုင်မှုပုံသဏ္ဌာန် ပြောင်းလဲသည့် အခြေအနေအား ကောင်စီသို့ ရက်ပေါင်း ၆၀ အတွင်း အသိပေးတင်ပြမှုမပြုခြင်း၊

(၅) လုပ်ငန်းလုပ်ကိုင်နိုင်စွမ်းမရှိကြောင်း ကောင်စီသို့ တင်ပြလျှောက်ထားခြင်း၊

(၆) လုပ်ငန်းနှင့် သက်ဆိုင်သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖျက်သိမ်းခြင်း၊

(၇) ဥပဒေအရ လုပ်ငန်းရုပ်သိမ်းခံရခြင်း။

(ခ) နည်းဥပဒေခွဲ(က)ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ထိုအကြောင်းပေါ်ပေါက်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အဖွဲ့အစည်းသည် ထုတ်ပေးသည့် လိုင်စင်ကို ကောင်စီသို့ အပ်နှံရမည်။

၃၆။ လိုင်စင်ရရှိသူသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်-

(က) လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းမပြုရ။

(ခ) လိုင်စင်ပါ အကြောင်းအရာများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဖြည့်စွက်ခြင်း မပြုလုပ်ရ။

(ဂ) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သည် ၎င်းလိုင်စင်တွင် ဖော်ပြထားသည့် ထုတ်လွှင့်စက်အသုံးပြုမှုနှင့် နည်းပညာများအတွက်သာလျှင် ဖြစ်စေရ မည်။

(ဃ) လိုင်စင်တစ်ခုသည် ၎င်းလိုင်စင်တွင် ဖော်ပြထားသည့် ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစား တစ်ခုအတွက် သာလျှင် ဖြစ်စေရမည်။

၃၇။ (က) လိုင်စင်ရရှိသူသည် လိုင်စင်လျှောက်ထားစဉ်က ဖြည့်သွင်းခဲ့သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်လိုပါက ခိုင်လုံသည့်အထောက်အထား၊ အကြောင်းပြချက် များနှင့် အတူ ကောင်စီ သို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ (က) ပါ လျှောက်ထားချက်အပေါ်တွင် စိစစ်၍ လိုအပ်သလို ပြင်ဆင် ဖြည့်စွက်ခွင့်ပြုနိုင်သည်။

(ဂ) လိုင်စင်ရရှိသူသည် လျှောက်လွှာပုံစံတွင် ဖော်ပြထားသော အကြောင်းအရာအချက် အလက်များတွင် အပြောင်းအလဲများရှိလျှင် ထိုသို့ ပြောင်းလဲသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၆ဝ အတွင်း ကောင်စီသို့ စာဖြင့် တင်ပြရမည်။

၃၈။ လိုင်စင်ရရှိထားသူသည် သက်ဆိုင်ရာ လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်၍ လုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးပေးရန် ဥပဒေပုဒ်မ ၃၉ အရ ပုံစံ ၁၃ ဖြင့် သတ်မှတ်အခကြေးငွေကို မြန်မာ့စီးပွားရေးဘဏ်ရှိ ကောင်စီ၏ ငွေစာရင်းသို့ ချလန်ဖြင့် ပေးသွင်း လျှောက်ထားရမည်။ ကောင်စီသည် ငွေသွင်းချလန် ရရှိသည့်နေ့ရက်မှစ၍ ဥပဒေ ပုဒ်မ ၄ဝ နှင့် ပုဒ်မ ၄၁ ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ နည်းဥပဒေ ၃၁ နှင့်အညီ လိုင်စင်သက်တမ်း တိုးပေးရန် ဆောင်ရွက်ရမည်။

၃၉။ ကောင်စီသည် လိုင်စင်ထုတ်ပေးထားသည့် သို့မဟုတ် လိုင်စင်သက်တမ်းတိုးထားသည့် ရုပ်မြင် သံကြား နှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများ၏ စာရင်းကို လိုင်စင် ထုတ်ပေး သည့်နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၁၅ ရက်အတွင်း အဖွဲ့နှင့် ဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားရမည်။

၄ဝ။ ကောင်စီသည် လိုင်စင်ရရှိသူများ၏ စာရင်းကို ပြုစုထိန်းသိမ်း၍ အများပြည်သူ သိရှိနိုင်ရန် ကောင်စီ၏ ဝက်ဘ်ဆိုက်တွင် အောက်ပါအချက်များကို ထုတ်ပြန်ကြေညာရမည်-

(က) လိုင်စင်ရရှိသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဝက်ဘ်ဆိုက်လိပ်စာနှင့် အီးမေးလ်လိပ်စာ၊

(ခ) ခွင့်ပြုချက်ရရှိထားသော လိုင်စင်များ၊

(ဂ) လိုင်စင်ရရှိသူ လုပ်ကိုင်ခွင့်ရှိသော ဝန်ဆောင်မှုအမျိုးအစားများ၊

(ဃ) လိုင်စင်စတင်အကျိုးသက်ရောက်သည့် နေ့ရက်နှင့် သက်တမ်းကုန်ဆုံးမည့် နေ့ရက်။

၄၁။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ လုပ်ငန်းအမည်နှင့် လုပ်ငန်း တည်ရာ လိပ်စာ ပြောင်းလဲခြင်း၊ လုပ်ငန်းလုပ်ကိုင်သူ သေဆုံးခြင်း သို့မဟုတ် မိသားစု လုပ်ငန်း အမွေဆက်ခံခြင်းတို့ ဖြစ်ပေါ်ပါက ထိုသို့ ပျောက်ဆုံး၊ ပျက်စီးသည့် သို့မဟုတ် ပြောင်းလဲသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆ဝ အတွင်း ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားမှုအပေါ် စိစစ်ပြီး လိုင်စင် ထုတ်ပေးသင့်သည်ဟု ဆုံးဖြတ်ပါက သတ်မှတ်အခကြေးငွေ ပေးသွင်းရန် လျှောက်ထား သူထံ အကြောင်းကြားရမည်။ ကောင်စီသည် လျှောက်ထားသူထံမှ သတ်မှတ်အခ ကြေးငွေပေးသွင်းသည့် ချလန်လက်ခံရရှိသည့်နေ့ ရက်မှစ၍ ၁၄ ရက် အတွင်း လိုင်စင် အသစ်ထုတ်ပေးရမည်။

**လိုင်စင်ကြေးသတ်မှတ်ကောက်ခံခြင်း**

၄၂။ ကောင်စီသည် မှုတပြီး ကျိုးကြောင်းဆီလျော်မှုရှိသော လိုင်စင်ကြေးကို ဥပဒေပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက် နှင့်အညီ အခါအားလျော်စွာ ပြောင်းလဲသတ်မှတ်နိုင်သည်။

၄၃။ လိုင်စင်ရရှိသူသည် လိုင်စင်ကြေးကို ကောင်စီက သတ်မှတ်ထုတ်ပြန်သည့်အတိုင်း မြန်မာ့ စီးပွားရေးဘဏ်ရှိ ကောင်စီ၏ ငွေစာရင်းသို့ အပြည့်အဝပေးသွင်းရမည်။ ပေးသွင်းပြီးသည့် လိုင်စင်ကြေးများအား မည်သည့်အကြောင်းပြချက်နှင့်မျှ ပြန်လည်ထုတ်ယူခွင့်မရှိ။

၄၄။ လိုင်စင်ကြေးကို ကောင်စီက သတ်မှတ်ထုတ်ပြန်သည့်အတိုင်း အပြည့်အဝပေးသွင်းနိုင်ခြင်း မရှိသည့် မည်သည့်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းကိုမျှ ကောင်စီက လိုင်စင်ထုတ်ပေး ခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးပေးခြင်းမပြုရ။

၄၅။ ကောင်စီသည် နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ (ဂ) အရ ကောက်ခံရရှိသည့် လိုင်စင်ကြေးများကို လိုင်စင် ထုတ်ပေးပြီးသည့် နေ့ရက်မှ ရုံးဖွင့်ရက် ရက်ပေါင်း ၁၅ ရက်အတွင်း ဝန်ကြီးဌာန၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

**အစီအစဉ်ဆိုင်ရာ သတ်မှတ်ချက်များ**

၄၆။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများအနက် နိုင်ငံတစ်ဝန်းလုံး မြေပြင်အခြေစိုက် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းဖြစ်စေ နိုင်ငံတစ်ဝန်းလုံး ရေဒီယိုအသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းဖြစ်စေ လုပ်ကိုင်သူများ သည် အောက်ပါစည်းကမ်းချက် များကို လိုက်နာရမည်-

(က) နေ့စဉ် ပြည်တွင်းသတင်းအနည်းဆုံး သုံးကြိမ်ထုတ်လွှင့်ရမည်။ အဆိုပါ သုံးကြိမ်အနက် အနည်းဆုံး တစ်ကြိမ်ကို ပရိသတ်အများဆုံး ကြည့်ရှုသည့် အချိန်တွင်ထုတ်လွှင့်ရမည်။

(ခ) နိုင်ငံအတွင်း အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာထားသည့် ကာလတွင် နိုင်ငံတော်အစိုးရက ညွှန်ကြားသည့် ရုပ်သံအစီအစဉ်များကို ညွှန်ကြားချက်အတိုင်း ထုတ်လွှင့်ရမည်။

(ဂ) အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများနှင့် စပ်လျဉ်း၍ ကောင်စီက သတ်မှတ်သည့် အချိုးအစားအတိုင်း ထည့်သွင်းထုတ်လွှင့်ရမည်။

၄၇။ စီးပွားရေးအရ ထုတ်လွှင့်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း များအနက် ဒေသအလိုက် မြေပြင်အခြေစိုက် အခမဲ့ဖြစ်စေ၊ အခကြေးငွေရယူ၍ ဖြစ်စေ

ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) နေ့စဉ်ဒေသတွင်း မိုးလေဝသ သတင်းနှင့် ဒေသဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်သည့် သတင်းအစီအစဉ်အား အနည်းဆုံး သုံးကြိမ်ထုတ်လွှင့်ရမည်။ အဆိုပါ သုံးကြိမ်အနက်အနည်းဆုံး တစ်ကြိမ်ကို ပရိသတ်အများဆုံးကြည့်ရှုသည့်အချိန်တွင် ထုတ်လွှင့်ရမည်။

(ခ) ထုတ်လွှင့်သည့် ဒေသအတွင်း အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာထားသည့် ကာလတွင် နိုင်ငံတော်အစိုးရ သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားသည့် ရုပ်သံအစီအစဉ်များကို ညွှန်ကြားချက်အတိုင်းထုတ်လွှင့်ရမည်။

(ဂ) အများပြည်သူအကျိုးအတွက် အသိပေးထုတ်လွှင့်ခြင်းများနှင့် စပ်လျဉ်း၍ ကောင်စီက သတ်မှတ်သည့် အချိုးအစားအတိုင်း ထည့်သွင်းထုတ်လွှင့်ရမည်။

၄၈။ စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများ သည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) မြန်မာဘာသာစကား သို့မဟုတ် ထုတ်လွှင့်သည့် ဒေသအတွင်း ဒေသခံအများစု အသုံးပြုသည့် ဘာသာ စကားကို အသုံးပြု၍ ထုတ်လွှင့်ရမည်။

(ခ) ကျန်းမာရေး ပညာပေးအစီအစဉ်များအပါအဝင် အများပြည်သူအကျိုးအတွက် အသိပေး ထုတ်လွှင့်ချက်များကို ထုတ်လွှင့်သည့် ဒေသအတွင်း လူမျိုးစုများအသုံးပြုသည့် ဘာသာစကားဖြင့် ဘာသာပြန်ဆိုထုတ်လွှင့်ရန် ကောင်စီက ညွှန်ကြားလာပါက ယင်းသက်ဆိုင်ရာ ဘာသာစကားများဖြင့် ထည့်သွင်းထုတ်လွှင့်ရမည်။

(ဂ) ထုတ်လွှင့်သည့် ဒေသအတွင်း အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာထားသည့် ကာလတွင် နိုင်ငံတော်အစိုးရ သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားသည့် ရုပ်သံအစီအစဉ်များကို ညွှန်ကြားချက်အတိုင်း ထုတ်လွှင့်ရမည်။

၄၉။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) ထုတ်လွှင့်သည့် အစီအစဉ်များ၊ အကြောင်းအရာများနှင့် ထုတ်လွှင့်ချိန်များသည် ကောင်စီကသတ်မှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ရမည်။

(ခ) ထုတ်လွှင့်မည့် လိုင်းအရေအတွက်၊ အမျိုးအစားနှင့် ထုတ်လွှင့်ချိန်များအား ကောင်စီ၏ ညွှန်ကြားချက် နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အစီအစဉ်များ၏ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို မူရင်းရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းပြုသူများက တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။ မြန်မာနိုင်ငံတွင် လိုင်စင်ပြုလုပ်ထားခြင်းမရှိသည့် အစီအစဉ်များ၏ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရုပ်မြင်

သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ် ဖြန့်ဖြူးရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိသူက တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။

**သတင်းအချက်အလက်များ တောင်းခံခြင်း**

၅၀။ ဥပဒေပုဒ်မ ၅၄ ပါ နှစ်ချုပ်အစီရင်ခံစာတွင် ပါဝင်ရမည့် အချက်များအပြင် လုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် အဖွဲ့အစည်းသည် အောက်ပါသတင်းအချက်အလက်များကို သတ်မှတ်သည့်ရက် အတွင်း ကောင်စီသို့ ပေးပို့ရမည်-

(က) ထုတ်လွှင့်မည့်အစီအစဉ် လျာထားချက်ဇယားများကို သုံးလ တစ်ကြိမ်ပေးပို့ရန်၊

(ခ) မူလတင်ပြထားသည့် ပိုင်ဆိုင်မှု သို့မဟုတ် စီမံခန့်ခွဲမှုများတွင် ထူးခြားသည့် ပြောင်းလဲမှုရှိလျှင် ဆောလျင်စွာတင်ပြရန်၊

(ဂ) လိုင်စင်ရရှိသူ၏ လိပ်စာနှင့် ဆက်သွယ်ရမည့်ပုဂ္ဂိုလ် ပြောင်းလဲမှုရှိလျှင်ရှိခြင်းတင်ပြရန်၊

(ဃ) စောင့်ကြည့်ခြင်း သို့မဟုတ် တိုင်ကြားမှုများအား ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရေးအတွက် လိုအပ်သဖြင့် ကောင်စီက တောင်းခံလာပါက ဥပဒေပုဒ်မ ၇၀ အရ ထိန်းသိမ်းထားသည့် ရုပ်ပုံ၊ အသံ၊ ဓာတ်ပုံနှင့် မှတ်တမ်းမှတ်ရာများအား ကောင်စီသို့ ပေးပို့တင်ပြရန်၊

(င) စောင့်ကြည့်ခြင်း သို့မဟုတ် တိုင်ကြားမှုများအား ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရေး အတွက် ကောင်စီ သို့မဟုတ် ကောင်စီက တာဝန်ပေးသည့် ဌာန၊ အဖွဲ့အစည်းက သတ်မှတ်နေရာတွင် လိုင်စင်ရရှိသူက ထုတ်လွှင့်သည့် ရုပ်သံအစီ အစဉ်များအား အရည်အသွေးကောင်းမွန်စွာ တိုက်ရိုက်ဖမ်းယူ ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(စ) နည်းဥပဒေခွဲ (င) ပါအတိုင်း ရုပ်သံအစီအစဉ်များအား တိုက်ရိုက်ဖမ်းယူကြည့်ရှုနိုင်ရေး ဆောင်ရွက် ပေးရန်ခက်ခဲသည့် စီးပွားဖြစ်မဟုတ်သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် အခြားလိုင်စင်ရရှိသူ များအနေဖြင့် ၎င်းတို့ ထုတ်လွှင့်ပြီးသည့် ရုပ်သံအစီအစဉ် များအား သင့်လျော်သည့် မီဒီယမ်ကို အသုံးပြု၍ မှတ်တမ်းဖိုင်များအဖြစ် ကောင်စီက ညွှန်ကြား သည့်အတိုင်း ပေးပို့ရန်။

## အခန်း (၈)
## နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ
## လှိုင်းနှုန်းခွင့်ပြုမှတ်တမ်း

၅၁။ အဖွဲ့နှင့် ကောင်စီသည် လိုင်စင်ရရှိသူများ၏ လှိုင်းနှုန်းအသုံးပြုသည့်စာရင်းကို လှိုင်းနှုန်းခွင့်ပြု မှတ်တမ်း တွင် ပြုစုထိန်းသိမ်းထားရမည်။

၅၂။ လိုင်းနှုန်းခွင့်ပြုမှတ်တမ်းတွင် လိုင်စင်ရရှိသူ၏ အမည်နှင့် ဆက်သွယ်ရန် လိပ်စာ၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ခွင့်ပြုထားသော လိုင်းနှုန်းအသုံးပြုခွင့်နှင့် ခွင့်ပြုထားသော အသေးစိတ် လိုင်းနှုန်းများ၊ ခွင့်ပြုထားသော လုပ်ငန်းများ၊ ခွင့်ပြုထားသော ပထဝီဝင်ဆိုင်ရာနယ်မြေနှင့် အသုံးပြုခွင့်ပေး သည့် သက်တမ်းတို့ကို ထည့်သွင်းဖော်ပြရမည်။

**ဒီဂျစ်တယ် (Digital) အသွင်ကူးပြောင်းရေးဆိုင်ရာ လုပ်ငန်းများ**

၅၃။ နိုင်ငံတစ်ဝန်းလုံးတွင် ရုပ်သံလွှင့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူ၏ သတင်းသိပိုင်ခွင့်အား မြှင့်တင်ပေးနိုင်ရေး၊ နိုင်ငံတစ်ဝန်းလုံး ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းအတွက် အသုံးပြုသည့် လိုင်းနှုန်းစဉ်အား ထိရောက်စွာ အသုံးချနိုင်ရေးတို့အတွက် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားထုတ်လွှင့်မှု လုပ်ငန်းတစ်ရပ်လုံးတွင် မြေပြင်အခြေစိုက် ဒီဂျစ်တယ်ရုပ်မြင်သံကြား ထုတ်လွှင့်မှု (Digital Video Broadcasting Terrestrial) စနစ်အား အခြေခံသည့် နည်းပညာများဖြင့် ပြောင်းလဲထုတ်လွှင့်နိုင်ရန်နှင့် အန်နာလော့ထုတ်လွှင့်မှုအား ပိတ်သိမ်း(Analogue Switch-Off) နိုင်ရန်အတွက် ကောင်စီသည် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်-

(က) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ပါ လိုင်းနှုန်း အမျိုးအစားများအလိုက် ဥပဒေ ပုဒ်မ ၂ (ဃ) ပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းများကို ခွင့်ပြုမည့်လိုင်းနှုန်းခွင်များကို အဖွဲ့နှင့်ညှိနှိုင်း၍ လျာထားရမည်။

(ခ) လုပ်ငန်းလိုင်စင်များချထားပေးရာတွင် နိုင်ငံတစ်ဝန်းလုံး မြေပြင်အခြေစိုက် ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်များ အတွက် မြေပြင်အခြေစိုက် ဒီဂျစ်တယ် ရုပ်မြင်သံကြားထုတ်လွှင့်မှု (Digital Video Broadcasting Terrestrial) စနစ်ဖြင့် ထုတ်လွှင့်ခြင်းကိုသာ ခွင့်ပြုပေးရမည်။

(ဂ) လက်ကိုင်ဖုန်း သို့မဟုတ် အခြားပစ္စည်း တစ်ခုခုဖြင့် ဖမ်းယူခြင်းနည်းပညာ အပါအဝင် နည်းပညာ တစ်ရပ်ရပ်ကို အသုံးပြုသည့် မြေပြင်အခြေစိုက် ရုပ်မြင်သံကြားထုတ်လွှင့်မှု လုပ်ငန်းများအတွက် ရုပ်သံ လွှင့်လိုင်းနှုန်းခွင်အတွင်း သင့်လျော်သည့် လိုင်းနှုန်းအား အဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

(ဃ) မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဒီဂျစ်တယ် (Digital)စနစ်သို့ ကူးပြောင်းသည့် လုပ်ငန်းစဉ်ဆိုင်ရာ အသေးစိတ် စီမံချက်နှင့် နိုင်ငံတကာသဘောတူညီချက်များအား အခါအားလျော်စွာ ထုတ်ပြန်ပေးရမည်။

၅၄။ မြေပြင်အခြေစိုက် ရုပ်မြင်သံကြားထုတ်လွှင့်စက်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်း ခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ သည် အောက်ပါအတိုင်းဖြစ်ရမည်–

(က) လွှင့်စက်အမျိုးအစား သတ်မှတ်ချက်များ

(၁) မြေပြင်အခြေစိုက် ဒီဂျစ်တယ် ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် (Digital Video Broadcasting Terrestrial Standard) ဖြစ်ရမည်။

(၂) လျှပ်စစ်စွမ်းအားပေးခြင်း (Power Supply) သည် အပြန်အလှန်လျှပ်စီး နှစ်ရာ့သုံးဆယ် ဗို့ (Alternating Current–AC 230Volt–V) သို့မဟုတ် သုံးရာ့ရှစ်ဆယ် ဗို့ (AC380Volt–V) နှင့် လျှပ်စီးကြိမ်နှုန်းငါးဆယ်ဟတ်ဇ် (50 Hertz–Hz) ဖြစ်ရမည်။

(၃) လှိုင်းနှုန်းခွင် (Frequency Band) သည် အလွန်မြင့်သော လှိုင်းနှုန်းခွင် သုံး (Very High Frequency–VHF Band III) သို့မဟုတ် အလွန့်အလွန်မြင့်သော လှိုင်းနှုန်းခွင်–လေး (Ultra High Frequency–UHF Band IV) သို့မဟုတ် အလွန့်အလွန်မြင့်သော လှိုင်းနှုန်းခွင်–ငါး (Band V) ဖြစ်ရမည်။

(ခ) လွှင့်အားသတ်မှတ်ချက်နှင့် စပ်လျဉ်း၍ ရုပ်မြင်သံကြားလွှင့်စက်တပ်ဆင်မည့် နေရာ ဒေသရှိ လူဦးရေ ပျံ့နှံ့မှုနှင့် လွှမ်းခြုံလိုသော ဧရိယာကို မူတည်၍ လွှင့်အားပမာဏကို လွှင့်အားကြီး (High Power)၊ လွှင့်အားလတ် (Medium Power) နှင့် လွှင့်အားသေး (Low Power) ဟူ၍ ကောင်စီက သတ်မှတ်ပေးရမည်။

(ဂ) အင်တာနာ (Antenna) သတ်မှတ်ချက်များ

(၁) အရပ်ရှစ်မျက်နှာသို့ လှိုင်းထုတ်လွှင့် အင်တာနာ (Omnidirectional Antenna) သို့မဟုတ် အရပ်မျက်နှာ ရွေးချယ်၍ လှိုင်းထုတ်လွှင့်အင်တာနာ (Directional Antenna) တပ်ဆင်ခြင်းကို ကောင်စီ၏ သတ်မှတ်ချက် အတိုင်း ဆောင်ရွက်ရမည်။

(၂) အင်တာနာ ချဲ့နိုင်စွမ်း (Antenna Gain) သည် ခုနစ် ဒသမ ငါးဒီဘီ (7.5 Decible–db) ထက် မနည်း စေရ။

(၃) အင်တာနာ (Antenna) ၏ ခံနိုင်ရည်ဝန်အား (Output Power Maximum Load) သည် လွှင့်စက်၏ အမြင့်ဆုံးလွှင့်အားထက် အနည်းဆုံး ၃ဂ ရာခိုင်နှုန်းပိုရမည်။

(ဃ) တာဝါ (Tower) ဆိုင်ရာ သတ်မှတ်ချက်များ

(၁) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းအတွက် တာဝါ (Tower) တည်ဆောက်မည့်သူသည် တည်ဆောက်မည့်နေရာ၏ မြေသားနမူနာစမ်းသပ်မှု များ၊ တည်ဆောက်မည့် ပုံစံများ၊ အင်တာနာ (Antenna)ခံနိုင်ဝန်၊

လေဒဏ်ခံနိုင်ဝန်၊ ငလျင်ဒဏ် ခံနိုင်ဝန်၊ ဖောင်ဒေးရှင်း (Foundation) နှင့် အခြား အသုံးပြုမည့်ပစ္စည်းများကို ကောင်စီသို့ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(၂) တာဝါ (Tower) တည်ဆောက်မည်ဆိုပါက သံမဏိအင်တာနာ (Steel Transmitting Antenna) နှင့် ဒေါက်တိုင်တာဝါ (Self Supporting Tower) သို့မဟုတ် ကြိုးထိန်းတာဝါ (Guyed Tower) များအတွက် တည်ဆောက်မည့် ပုံစံဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖြစ်ရမည်။

(၃) ကောင်စီက ခွင့်ပြုသည့် တာဝါ (Tower) အမြင့်ထက် ကျော်လွန်တည် ဆောက်ခြင်းမပြုရ။ လက်ရှိ တည်ဆောက်ပြီး တာဝါ (Tower)တွင် နောက်ထပ်အင်တာနာ (Antenna) သို့မဟုတ် တာဝါ (Tower) ပိုင်း ဆိုင်ရာ အခြားအစိတ်အပိုင်းများ ထပ်မံတပ်ဆင်မည်ဆိုပါက ကောင်စီ၏ ခွင့်ပြုချက်ကို ထပ်မံရယူရမည်။

(၄) တာဝါ (Tower) ကို ပြန်လည် ပြင်ဆင်ရန်အတွက် ထုတ်လွှင့်မှုများ ရပ်နားမည်ဆိုပါက ကောင်စီ၏ ခွင့်ပြုချက်ကို ရယူရမည်။

(၅) တာဝါ (Tower) တည်ဆောက်ရန် ကောင်စီသို့ ခွင့်ပြုချက်တောင်းခံရာတွင် လေကြောင်းအာဏာပိုင်များ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လျှပ်စစ်ဌာနနှင့် အခြားသက်ဆိုင်ရာ ဌာနများ၏ သဘောထားမှတ်ချက်များအား ပူးတွဲတင်ပြရမည်။

(၆) တာဝါ (Tower) များတွင် တာဝါ (Tower) ၏အမြင့် ၅၀ မီတာတိုင်းတွင် လေယာဉ်အချက်ပြမီး (Pilot Light၊ Aviation Warning Light) များတပ်ဆင်ရမည်။

(၇) တာဝါ (Tower) တွင် လေကြောင်းအာဏာပိုင်များက သတ်မှတ်ထားသည့် အရောင်ကိုသာ သုတ်လိမ်း ရမည်။

(၈) တာဝါ (Tower) တည်ဆောက်ထားသည့် အခြေအနေနှင့် တာဝါ (Tower) ကြံ့ခိုင်မှုအခြေအနေများ ကို နှစ်စဉ် ဒီဇင်ဘာလ ၃၁ ရက်ထက် နောက်မကျဘဲ ကောင်စီသို့ တင်ပြရမည်။

(င) ရုပ်မြင်သံကြားဖမ်းစက် (Satellite Receiver) များ

(၁) ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Satellite Receiver) များနှင့် စပ်လျဉ်း၍ ဒီဂျစ်တယ် (Digital) ရုပ်မြင်သံကြားဖမ်းစက်များ၏ နည်းပညာဆိုင်ရာ စံနှုန်း သတ်မှတ်ချက်များကို ကောင်စီက အဖွဲ့နှင့် ညှိနှိုင်း၍ အခါအားလျော်စွာ သတ်မှတ်ပေးရမည်။

(၂) ဒီဂျစ်တယ်ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Digital Satellite Receiver) များနှင့် ဆက်စပ်ပစ္စည်းများ ကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(ကက) ဒီဂျစ်တယ်ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Digital Satellite Receiver) များနှင့် ဆက်စပ်ပစ္စည်း များကို ပြည်ပမှ တင်သွင်းလိုသူသည် အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ဦးစွာလျှောက်ထား ရယူရမည်။

(ခခ) ဤနည်းဥပဒေ နောက်ဆက်တွဲ (ခ) ပါ ဒီဂျစ်တယ်ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက် (Digital Video Broadcasting Satellite Second Generation Receiver–DVB–S2 Receiver) သတ်မှတ်ချက်များနှင့် ညီညွတ်သည့် ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်ဆိုင်ရာ ကြိုးမဲ့ ကြေးနန်းပစ္စည်းကိရိယာတစ်ခုခုကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိရောင်းချခြင်းများ ပြုလုပ်လိုပါက အဖွဲ့သို့ လျှောက်ထားရမည်။

(စ) အခြားသတ်မှတ်ချက်များ

(၁) နေရာဒေသ အမျိုးမျိုးမှ မတူညီသော လှိုင်းနှုန်းများ အသုံးပြုပြီး ထုတ်လွှင့်ခြင်း လှိုင်းနှုန်းချန်နယ်မျိုးစုံ အသုံးပြုသော ကွန်ရက် (Multi–frequency Network–MFN) နှင့် သတ်မှတ်နေရာ ဒေသတစ်ခုအတွင်းတွင် လွှင့်စက်အသီးသီးတို့မှ တူညီသော လှိုင်းနှုန်းတစ်ခုတည်းဖြင့် ထုတ်လွှင့်ခြင်း ကွန်ရက် (Single Frequency Network–SFN) စသည့် ကွန်ရက်လျာထားမှုအစီအမံ ( Network Plan) သတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် လှိုင်းနှုန်းလျာထားမှုအစီအမံ ( Frequency Planning) ကို အဖွဲ့က သီးခြားရေးဆွဲထုတ်ပြန်ရမည်။

(၂) ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် အခြေခံထည့်သွင်းသတ်မှတ်ရမည့် အချက်ဖြစ်သည့် ပုံသေအခြေစိုက် ဖမ်းယူခြင်း (Fixed Reception) သို့မဟုတ် ရွေ့လျား ဖမ်းယူခြင်း (Mobile Reception) စနစ်များအနက် စနစ် တစ်ခု သို့မဟုတ် စနစ်နှစ်ခုဖြင့် ထုတ်လွှင့်ခွင့်ပြုမည်ကို ကောင်စီက သတ်မှတ်ပေးရမည်။

(၃) ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူသည် တာဝါ (Tower) တည်ဆောက်ရန် သတ်မှတ်ချက်များ၊ ဖောင်ဒေးရှင်း (Foundation) ပုံစံများ၊ စံနှုန်းများကိုလည်းကောင်း၊ အင်တာနာ (Antenna) တပ်ဆင်မှုဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ရာတွင် ကျွမ်းကျင် အင်ဂျင်နီယာများဖြင့်သာ လုပ်ငန်းဆောင်ရွက်ရမည်။

၅၅။ နည်းဥပဒေ ၅၄ ပါ လိုက်နာရမည့် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို အဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးရမည်။

၅၆။ ကောင်စီသည် နိုင်ငံတစ်ဝန်းလုံးတွင် ရုပ်သံလွှင့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူ၏ သတင်းအချက်အလက်သိပိုင်ခွင့်ကို မြှင့်တင်ပေးနိုင်ရေး၊ နိုင်ငံတော်၏ ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းအတွက် အသုံးပြုသည့် လှိုင်းနှုန်းစဉ်အား ထိရောက်စွာ အသုံးချနိုင်ရေးတို့အတွက် မြေပြင်အခြေစိုက် ရေဒီယို အသံထုတ်လွှင့်မှုလုပ်ငန်းတစ်ရပ်လုံးအား အောက်ပါအချက်များနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) လှိုင်းနှုန်းစဉ် စီမံခန့်ခွဲမှုဆိုင်ရာ စီမံချက်ပါ ရေဒီယိုအသံလွှင့် လှိုင်းနှုန်းအမျိုးအစားများအလိုက် ဒီဂျစ်တယ်ရေဒီယို အသံထုတ်လွှင့်မှု ( Digital Audio Broadcasting–DAB) စနစ်နှင့် ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယိုထုတ်လွှင့်မှု( Digital Radio Mondiale–DRM) စနစ်၊ ကြိမ်နှုန်းလှိုင်းနှုန်းသပြီး ထုတ်လွှင့်ခြင်း (Frequency Modulation–FM) စနစ်၊ လှိုင်းလတ်ရေဒီယိုထုတ်လွှင့်ခြင်း (Medium Wave–MW) စနစ်နှင့် လှိုင်းတိုရေဒီယို ထုတ်လွှင့်ခြင်း (Short Wave–SW) စနစ်များဖြင့် ခွင့်ပြုမည့် လှိုင်းနှုန်းခွင်များအား ခွဲခြားသတ်မှတ်ရမည်။

(ခ) နိုင်ငံတော်အတွင်း သတ်မှတ်လှိုင်းနှုန်းခွင်အား အသုံးပြု၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြေပြင်အခြေစိုက် ရေဒီယိုအသံထုတ်လွှင့်မှုလုပ်ငန်းများအားလုံး ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယိုအသံထုတ်လွှင့်မှု (Digital Audio Broadcasting–DAB) စနစ်နှင့် ဒီဂျစ်တယ်ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်ဖြင့် ထုတ်လွှင့်နိုင်ရေးအတွက် အစီအစဉ်တစ်ရပ်အား အဖွဲ့နှင့် ညှိနှိုင်းရေးဆွဲရမည်။

(ဂ) ရေဒီယိုအသံလွှင့်ဝန်ဆောင်မှုလုပ်ငန်းများ ဒီဂျစ်တယ်စနစ်သို့ ကူးပြောင်းသည့် လုပ်ငန်းစဉ်ဆိုင်ရာ အသေးစိတ်စီမံချက်နှင့် နိုင်ငံတကာသဘောတူညီချက်များကို မြေပြင်အခြေစိုက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများသို့ အခါအားလျော်စွာ ထုတ်ပြန် ပေးရမည်။

၅၇။ ရေဒီယိုအသံထုတ်လွှင့်စက်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များသည် အောက်ပါအတိုင်း ဖြစ်ရမည်-

(က) နိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လွှင့်မည့် လှိုင်းလတ် (Medium Wave–MW)၊ လှိုင်းတို (Short Wave–SW)တို့ကို အန်းနာ့လော့(Analogue)စနစ်ဖြင့် ရေဒီယိုအသံထုတ်လွှင့်ရာတွင်-

(၁) အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့်ဌာနပိုင် ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသူများအတွက်သာ ဆောင်ရွက်ခွင့်ပြုရမည်။

(၂) ကောင်စီက သတ်မှတ်ပေးသည့် ထုတ်လွှင့်မှုစနစ်အတိုင်းဖြစ်ရမည်။

(၃) ထုတ်လွှင့်မှုအတွက် လှိုင်းနှုန်းခွင် (Frequency Band) နှင့် လှိုင်းနှုန်းချန်နယ် (Frequency Channel) အသုံးပြုမှုကို အဖွဲ့နှင့် ကောင်စီတို့၏ သဘောတူခွင့်ပြုချက်အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(၄) လှိုင်းနှုန်းခွင့်ပြုမှုတွင် ဦးစွာလျှောက်ထားခွင့်ပြုချက်ရရှိသူကို လှိုင်းနှုန်းဦးစားပေး ခွင့်ပြုသည့်စနစ် (First Come, First Served Basis) ဖြင့် ခွင့်ပြုပေးရန် ဖြစ်သည်။

(၅) စက်ရုံတည်ဆောက်မည့် မြေနေရာသည် မြေသားလျှပ်စီးကူးမှု (Ground Connectivity) အကောင်းဆုံး မြေ ဖြစ်ရမည်။

(၆) မိုးကြိုးလွှဲ၏ ခုခံမှု (Resistance) ပမာဏသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သတ်မှတ်ထားသော စံနှုန်းများ အတိုင်းဖြစ်ရမည်။

(ခ) နိုင်ငံတစ်ဝန်းလုံးတွင် ကြိမ်နှုန်းလှိုင်းနှုန်းသပြီး ထုတ်လွှင့်ခြင်း (Frequency Modulation– FM) အန်းနာ့လော့ (Analogue ) စနစ်ဖြင့် ထုတ်လွှင့်ရာတွင်–

(၁) လှိုင်းနှုန်းအကျယ် (Bandwidth) သည် သုံးရာ ကီလိုဟတ်ဇ် (300 Kilo Hertz– KHz) ရှိရမည်။

(၂) သတ်မှတ်လှိုင်းနှုန်းစစ်ထုတ် ကိရိယာ (Bandpass Filter) သို့မဟုတ် လှိုင်းနှုန်းပေါင်းစပ်ထုတ်လွှင့် ကိရိယာ (Combiner) ထည့်သွင်းအသုံးပြုရမည်။

(၃) လျှပ်စစ်စွမ်းအားပေးခြင်း (Power Supply) သည် အပြန်အလှန်လျှပ်စီး (Alternation Current–AC) နှစ်ရာ့သုံးဆယ် ဗို့ (230Volt–V ) သို့မဟုတ် သုံးရာ့ရှစ်ဆယ် ဗို့ (380Volt–V)နှင့် လျှပ်စီးကြိမ်နှုန်း ငါးဆယ် ဟတ်ဇ် (50 Hertz – Hz)ဖြစ်ရမည်။

(၄) လှိုင်းနှုန်းများ သတ်မှတ်ခွဲဝေခြင်း (Frequency Allocation)ကို အဖွဲ့က အတည်ပြုထားသော ကြိမ်နှုန်း လှိုင်းနှုန်းသပြီး အသံထုတ်လွှင့်ခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်အစီအမံ (Myanmar National Frequency Plan for FM Sound Broadcasting)ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(၅) လှိုင်းနှုန်းခွင့်ပြုမှုတွင် ဦးစွာလျှောက်ထားခွင့်ပြုချက်ရရှိသူကို လှိုင်းနှုန်းဦးစားပေး ခွင့်ပြုသည့်စနစ် (First Come, First Served Basis) ဖြင့် ဆောင်ရွက်ရန်ဖြစ်သည်။ လိုအပ်ပါက လေလံစနစ် သို့မဟုတ် တင်ဒါစနစ် ကို အသုံးပြုနိုင်သည်။

(၆) လွှင့်အားသည် အနည်းဆုံး တစ်ဆယ်ဝပ် (10 Watt – W) မှ အများဆုံး တစ်ဆယ်ကီလိုဝပ် (10 Kilo Watt – KW) အထိသာဖြစ်ရမည်။

(၇) အသံထုတ်လွှင့်မှုသည် ဘယ်ညာလိုင်း (stereo) ဖြစ်ရမည်။ လှိုင်းနှုန်းသွေဖည်မှု (Frequency Deviation) သည် ± ခုနစ်ဆယ့်ငါး ကီလိုဟတ်ဇ် ( ± 75 Kilo Hertz – KHz) အတွင်း ရှိရမည်။

(၈) မိုးကြိုးလွှဲ၏ ခုခံမှု (Resistance) ပမာဏသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်ထားသော စံနှုန်းများအတိုင်း ဖြစ်ရမည်။

(ဂ) နိုင်ငံတစ်ဝန်းလုံးတွင် လှိုင်းလတ် (Medium Wave – MW)၊ လှိုင်းတို (Short Wave – SW) တို့ကို ဒီဂျစ်တယ် (Digital ) စနစ်ဖြင့် ထုတ်လွှင့်ရာ၌–

(၁) လှိုင်းနှုန်း သုံးဆယ် မဂ္ဂါဟတ်ဇ် (30 Mega Heartz–MHz) အတွင်း ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale – DRM30) စနစ် အသုံးပြုပါက လှိုင်းနှုန်းအကျယ် (Bandwidth–BW) သည် တစ်ဆယ် ကီလိုဟတ်ဇ် (10 Kilo Heartz – KHz) သို့မဟုတ် နှစ်ဆယ် ကီလိုဟတ်ဇ် (20 Kilo Heartz– KHz) ဖြစ်ရမည်။ ကမ္ဘာ့ ဒီဂျစ်တယ်ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale – DRM) စနစ် အသုံးပြုပါက လှိုင်းနှုန်းအကျယ် (Bandwidth–BW) သည် တစ်ရာ ကီလိုဟတ်ဇ် (100 Kilo Heartz – KHz) ဖြစ်ရမည်။

(၂) ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယို ထုတ်လွှင့်မှု (Digital Radio Mondiale–DRM)စနစ်ဖြင့် ထုတ်လွှင့်မည့် လွှင့်စက်နှင့် ဖမ်းစက်များ၏ နည်းပညာပိုင်းဆိုင်ရာစံနှုန်း (Technical Standard) များကို အဖွဲ့နှင့် ကောင်စီ တို့ ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

(ဃ) နိုင်ငံတစ်ဝန်းလုံးတွင် ဒီဂျစ်တယ် (Digital) စနစ်ဖြင့် ရေဒီယို (Radio) ထုတ်လွှင့်ရာ၌–

(၁) ဒီဂျစ်တယ်ရေဒီယို အသံထုတ်လွှင့်မှု (Digital Audio Broadcasting–DAB) စနစ်အတွက် လှိုင်းနှုန်းခွင် (Frequency Band) သည် တစ်ရာခုနစ်ဆယ ့်လေးမဂ္ဂါဟတ်ဇ် (174 Mega Heartz–MHz) မှ နှစ်ရာ့သုံးဆယ် မဂ္ဂါဟတ်ဇ် (230 Mega Heartz MHz) အတွင်းဖြစ်ရမည်။ ကမ္ဘာ့ဒီဂျစ်တယ်ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်အတွက် လှိုင်းနှုန်းခွင် (Frequency Band) သည် ရှစ်ဆယ့်ခုနစ် ဒသမငါး မဂ္ဂါဟပ် (87.5 Mega Hertz– MHz) မှ တစ်ရာ့ရှစ် မဂ္ဂါဟတ်ဇ် (108 Mega Hertz – MHz) အတွင်း ဖြစ်ရမည်။

(၂) ဒီဂျစ်တယ်ရေဒီယို အသံထုတ်လွှင့်မှု (Digital Audio Broadcasting– DAB) စနစ်အတွက် ချန်နယ် လှိုင်းနှုန်းအကျယ် (Channel Bandwidth) သည် တစ် ဒသမ ခုနစ်တစ်နှစ် မဂ္ဂါဟတ်ဇ် (1.712 Mega Hertz–MHz) ဖြစ်ရမည်။ ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale–DRM)

စနစ်အတွက် ချန်နယ်လှိုင်းနှုန်းအကျယ် (Channel Bandwidth) သည် တစ်ရာကီလိုဟတ်ဇ် (100 Kilo Hertz–KHz) ဖြစ်ရမည်။

(၃) ဒီဂျစ်တယ်ရေဒီယိုအသံထုတ်လွှင့်မှု (Digital Audio Broadcasting–DAB) စနစ်နှင့် ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်တို့အတွက် လှိုင်းနှုန်းတို့ကို အဖွဲ့နှင့် ကောင်စီတို့ ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

(၄) ဒီဂျစ်တယ်ရေဒီယိုအသံထုတ်လွှင့်မှု (Digital Audio Broadcasting –DAB) စနစ်နှင့် ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်တို့၏ လွှင့်စက် Transmitter)နှင့် ဖမ်းစက် (Receiver) တို့၏ နည်းပညာပိုင်းဆိုင်ရာစံနှုန်း (Technical Standard) ကို အဖွဲ့နှင့်ကောင်စီတို့ ညှိနှိုင်း၍ သတ်မှတ် ပေးရမည်။

(င) ဒေသအလိုက် ထုတ်လွှင့်မည့် အန်းနဲလော့ (Analogue) စနစ် ကြိမ်နှုန်းလှိုင်းနှုန်းသပြီး ထုတ်လွှင့်ခြင်း (Frequency Modulation –FM) ရေဒီယို (Radio) ထုတ်လွှင့်ရာ၌ လှိုင်းနှုန်းများ သတ်မှတ်ခွဲဝေခြင်း (Frequency Allocation)ကို အဖွဲ့က အတည်ပြုထားသော ကြိမ်နှုန်းလှိုင်းနှုန်းသပြီး အသံထုတ်လွှင့်ခြင်း အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ် အစီအမံ (Myanmar National Frequency Plan for FM Sound Broadcastin)ပါ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(စ) ဒေသအလိုက် ဒီဂျစ်တယ် (Digital) စနစ်ဖြင့် ရေဒီယို (Radio) ထုတ်လွှင့်ရာတွင် –

(၁) ဒီဂျစ်တယ်ရေဒီယို အသံထုတ်လွှင့်မှု (Digital Audio Broadcasting–DAB) စနစ်အတွက် လှိုင်းနှုန်းခွင် (Frequency Band)သည် တစ်ရာခုနစ်ဆည့်လေး မဂ္ဂါဟတ်ဇ် (174 Mega Hertz–MHz) မှ နှစ်ရာသုံးဆယ် မဂ္ဂါဟတ်ဇ်(230 Mega Hertz–MHz) အတွင်း ဖြစ်ရမည်။ ကမ္ဘာ့ဒီဂျစ်တယ်ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်အတွက် လှိုင်းနှုန်းခွင် (Frequency Band )သည် ရှစ်ဆယ့်ခုနစ် ဒသမ ငါး မဂ္ဂါဟတ်ဇ် (87.5 Mega Hertz– MHz) မှ တစ်ရာ့ရှစ်မဂ္ဂါဟတ်ဇ် (108 Mega Hertz– MHz) အတွင်း ဖြစ်ရမည်။

(၂) ဒီဂျစ်တယ် ရေဒီယိုအသံထုတ်လွှင့်မှု (Digital Audio Broadcasting – DAB) စနစ်အတွက် ချန်နယ် လှိုင်းနှုန်း အကျယ် (Channel Bandwidth) သည် တစ် ဒသမ ခုနစ်တစ်နှစ် မဂ္ဂါဟတ်ဇ် (10712 Mega Heartz–MHz) ဖြစ်ရမည်။ ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယိုထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်အတွက် ချန်နယ်လှိုင်းနှုန်းအကျယ် (Channel Bandwidth) သည် တစ်ရာကီလိုဟတ်ဇ် (100 Kilo Hertz–KHz) ဖြစ်ရမည်။

(၃) ဒီဂျစ်တယ်ရေဒီယို အသံထုတ်လွှင့်မှု (Digital Audio Broadcasting–DAB) စနစ်နှင့် ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယို ထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်တို့အတွက် လှိုင်းနှုန်းတို့ကို အဖွဲ့နှင့် ကောင်စီတို့ ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

(၄) ဒီဂျစ်တယ်ရေဒီယို အသံထုတ်လွှင့်မှု (Digital Audio Broadcasting–DAB) စနစ်နှင့် ကမ္ဘာ့ဒီဂျစ်တယ် ရေဒီယို ထုတ်လွှင့်မှု (Digital Radio Mondiale–DRM) စနစ်တို့၏လွှင့်စက် (Transmitter) နှင့် ဖမ်းစက် (Receiver) တို့၏ နည်းပညာပိုင်းဆိုင်ရာစံနှုန်း (Techical Standard)ကို အဖွဲ့နှင့် ကောင်စီတို့ ညှိနှိုင်း၍ သတ်မှတ်ပေးရမည်။

(ဆ) လူထုအခြေပြု ရေဒီယိုထုတ်လွှင့်ခြင်း (community Frequency Modulation) ဆောင်ရွက်ရာတွင်–

(၁) လုပ်ငန်းဆောင်ရွက်သူသည် ကောင်စီက သတ်မှတ်ထားသည့် လွှင့်အားပျံ့နှံ့မှုဧရိယာ (Coverage Area) အတွင်း သတ်မှတ်ပေးသည့် လွှင့်အားအတိုင်း ထုတ်လွှင့်ရမည်။

(၂) လွှင့်အားကို သာမန်အားဖြင့် တစ်ရာ့ငါးဆယ် ဝပ်(150 Watt– W) အထိသာ ခွင့်ပြုရမည်။ အထူးကိစ္စရပ် များ အတွက် လိုအပ်ပါက အဖွဲ့၏ အတည်ပြုချက်ဖြင့် သုံးရာဝပ် (300 Watt–W) အထိ ခွင့်ပြုပေးနိုင်သည်။

(၃) လှိုင်းနှုန်းများ သတ်မှတ်ခွဲဝေခြင်း (Frequency Allocation)ကို အဖွဲ့က အတည်ပြုထားသော ကြိမ်နှုန်း လှိုင်းနှုန်းသပြီး အသံထုတ်လွှင့်ခြင်းအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ လှိုင်းနှုန်းစဉ်အစီအမံ (Myanmar National Frequency Plan for FM Sound Broadcasting) ပါ သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရမည်။

(ဇ) ကျောင်းပရိဝုဏ်အတွင်း ရေဒီယို ထုတ်လွှင့်ခြင်း (Campus Radio) ကို ဆောင်ရွက်ရာတွင်–

(၁) လွှင့်အားနှင့် လှိုင်းနှုန်းကို ကောင်စီက သတ်မှတ်ပေးရမည်။

(၂) အန်းနာ့လော့ (Analogue) စနစ် ကြိမ်နှုန်းလှိုင်းနှုန်းသပြီး ထုတ်လွှင့်ခြင်း (Frequency Modulation–FM) သို့မဟုတ် ဒီဂျစ်တယ် (Digital) စနစ်ဖြင့် ထုတ်လွှင့်ရမည်။

**ရုပ်သံလွှင့်အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်းများ (Broadcast Distribution Services) အတွက် နည်းပညာဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ**

၅၈။ ဂြိုလ်တုမှတစ်ဆင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေးဝန်ဆောင်မှု လုပ်ငန်း လုပ်ကိုင်လိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ရုပ်သံလွှင့်အစီအစဉ်များကို ခွင့်ပြုထားသော မြေပြင်အခြေစိုက် ဂြိုဟ်တုစခန်း (Earth Station) များမှ သာ ဂြိုဟ်တုမှတစ်ဆင့် ပေးပို့ထုတ်လွှင့်ရမည်။ ထိုသို့ ထုတ်လွှင့်ရာတွင် ပြောင်းလဲလာသော နည်းပညာရပ် များနှင့်အညီ ကောင်စီက အဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ပေးသည့်စံနှုန်းများကို အသုံးပြု ဆောင်ရွက်ရမည်။

(ခ) လိုင်စင်ရရှိသူ၏ မြေပြင်အခြေစိုက် ဂြိုဟ်တုစခန်း (Earth Station) မှတစ်ဆင့် ပြည်တွင်းပြည်ပရှိ ရုပ်သံလွှင့်ဌာနများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံသို့ ရုပ်သံမှတ်တမ်းများ၊ အစီအစဉ်များ ပေးပို့ ထုတ်လွှင့်ခြင်း (Uplinking) ပြုလုပ်ရာ၌ ကောင်စီက သတ်မှတ်ခွင့်ပြုထားသည့် နည်းပညာကို အသုံးပြု ဆောင်ရွက်ရမည်။

၅၉။ နိုင်ငံတစ်ဝန်းလုံး ကြိုးသွယ်စနစ်သုံး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းအစီအစဉ် ဖြန့်ဖြူးရေး ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်လိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ရုပ်သံလွှင့်အစီအစဉ်များ ပေးပို့ထုတ်လွှင့်ခြင်းကို ကောင်စီကသတ်မှတ်သည့် နည်းပညာ၊ စက်မှု ပစ္စည်း၊ လိုင်းအရေအတွက်နှင့် ပင်မထုတ်လွှင့်သည့် နေရာများမှ ထုတ်လွှင့်ရမည်။

(ခ) ယင်းထုတ်လွှင့်မှုအား နိုင်ငံတစ်ဝန်းရှိ လူဦးရေ၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းနှင့် အထက်ဖမ်းယူ ကြည့်ရှုနိုင်ရန် ကြိုးသွယ်ကွန်ရက်စနစ်အား ကောင်စီက သတ်မှတ်သည့် ကာလအတွင်း အပြီးတည်ဆောက် ရမည်။

(ဂ) ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို လိုင်စင်ရရှိသူ၏ ရုပ်သံလွှင့်စက်ရုံ (Station) များမှတစ်ဆင့် ဒေသအသီးသီးရှိ ထပ်ဆင့်လွှင့်စက်ရုံများသို့ ပေးပို့ရာတွင် ကောင်စီက ခွင့်ပြုထားသည့် နည်းပညာကို အသုံးပြုဆောင်ရွက်ရမည်။

၆၀။ ဒေသအလိုက်ကြိုးသွယ်စနစ်သုံး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း အစီအစဉ်ဖြန့်ဖြူးရေး ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ရုပ်သံလွှင့်အစီအစဉ်များ ပေးပို့ထုတ်လွှင့်ခြင်းကို ကောင်စီက ခွင့်ပြုထားသည့် နည်းပညာ၊ စက်ပစ္စည်း၊ လိုင်းအရေအတွက်နှင့် ပင်မထုတ်လွှင့်သည့်နေရာများမှ ထုတ်လွှင့်ရမည်။

(ခ) ယင်းထုတ်လွှင့်မှုအား ခွင့်ပြုထားသည့် ဒေသအတွင်းရှိ လူဦးရေ၏ အနည်းဆုံး ၇၀ ရာခိုင်နှုန်းနှင့် အထက် ဖမ်းယူကြည့်ရှုနိုင်မည့် ကြိုးသွယ်ကွန်ရက်စနစ်အား ကောင်စီက သတ်မှတ်သည့် ကာလအတွင်းအပြီး တည်ဆောက်ရမည်။

(ဂ) ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို လိုင်စင်ရရှိသူ၏ ရုပ်သံလွှင့်စက်ရုံများမှ တစ်ဆင့် ဒေသအသီးသီးရှိ ထပ်ဆင့်လွှင့်စက်ရုံများသို့ ပေးပို့ရာတွင် ကောင်စီက ခွင့်ပြုထားသည့် နည်းပညာကိုသာ အသုံးပြုဆောင်ရွက်ရမည်။

၆၁။ နိုင်ငံအတွင်းရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းတွင် ဒီဂျစ်တယ်အသွင် ကူးပြောင်းရေးစနစ် ခိုင်မာအောင်မြင်စေရေးအတွက် ကောင်စီသည် အောက်ပါတို့ကို သက်ဆိုင်ရာဌာနများ နှင့် ညှိနှိုင်းဆောင်ရွက်ရမည်-

(က) အဖွဲ့နှင့် ကောင်စီက အတည်ပြုသတ်မှတ်ထားသည့် နည်းပညာပိုင်းဆိုင်ရာ စံနှုန်း သတ်မှတ်ချက်များ (Technical Specifications) နှင့် ကိုက်ညီသည့် ဒီဂျစ်တယ် ရုပ်မြင်သံကြားဖမ်းစက် (Set– Top Box) များကို တင်သွင်းခွင့်ပြုရန်၊

(ခ) ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် ရုပ်မြင်သံကြားစက်များတွင် ဒီဂျစ်တယ်ရုပ်သံလှိုင်းနှုန်း ဖမ်းယူသည့် ကိရိယာ (Digital Video Broadcasting Tuner – DVB Tuner) ပါရှိရေးဆောင်ရွက်ရန်၊

(ဂ) ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် ရေဒီယိုအသံဖမ်းစက်များနှင့် မော်တော်ယာဉ်များတွင် ပါရှိသည့် ရေဒီယို အသံဖမ်းစက်များတွင် ဒီဂျစ်တယ်ရေဒီယို အသံထုတ်လွှင့်မှု ဖမ်းယူသည့် ကိရိယာ (Digital Audio Broadcasting–DAB Tuner) နှင့် ကြိမ်နှုန်းလှိုင်းနှုန်းသပြီး အသံထုတ်လွှင့်ခြင်း (Frequency Modulation–FM) အတွက် လှိုင်းနှုန်းခွင် ရှစ်ဆယ့်ခုနှစ် ဒသမ ငါး မဂ္ဂါဟတ်ဇ် (87.5 Mega Hertz–MHz) မှ တစ်ရာ့ရှစ် မဂ္ဂါဟတ်ဇ် (108 Mega Hertz–MHz) အတွင်း ပါရှိရေးဆောင်ရွက်ရန်။

**နည်းပညာပိုင်းဆိုင်ရာအခြားသတ်မှတ်ချက်များ**

၆၂။ လှိုင်းနှုန်းခွင်အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့နှင့် ကောင်စီက သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

၆၃။ ရုပ်သံအစီအစဉ်များ၊ အချက်အလက် (Data) များ ပေးပို့ထုတ်လွှင့်မှုအတွက် အသုံးပြုသည့် အပြန်အလှန်အကျိုးသက်ရောက်သော တီဗွီ (Interactive TV)၊ အသုံးပြုသူ၏ လိုအပ်ချက် အတိုင်း ပေးပို့ထုတ်လွှင့်သည့် နည်းပညာ (Video on Demand –VOD)၊ အမျိုးစုံပေါင်းစပ် ထုတ်လွှင့်အသုံးပြုနိုင်သော ဘရော့ဒ်ဘန်းတီဗွီနည်းပညာ (Hybrid Broadcast Broadband TV –HBBTV) များအပါအဝင် ပြောင်းလဲတိုးတက်လာသော နည်းပညာအသစ်များအား အသုံးပြုရ သည့် ဝန်ဆောင်မှုများအတွက် နည်းပညာဆိုင်ရာစံနှုန်းများကို အဖွဲ့နှင့်ညှိနှိုင်း၍ ကောင်စီက အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်ရမည်။

၆၄။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ပစ္စည်းတစ်မျိုးမျိုးကို ထုတ်လုပ်ခြင်း၊ ရောင်းချ ခြင်း သို့မဟုတ် ဖြန့်ချိခြင်း ပြုလုပ်လိုသူသည် မိမိထုတ်လုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ဖြန့်ချိခြင်းပြုမည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ပစ္စည်းအမျိုးအစား၏

နည်းပညာဆိုင်ရာ အသေးစိတ် ဖော်ပြချက်များအား ထည့်သွင်းဖော်ပြလျက် လိုအပ်သည့် ထောက်ခံချက်ကို အဖွဲ့ထံတွင် သတ်မှတ်ချက်နှင့် အညီ တောင်းခံရမည်။

၆၅။ အဖွဲ့သည် နည်းဥပဒေ ၆၄ ပါ ထောက်ခံချက်တောင်းခံလာခြင်းကို စိစစ်ပြီး ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

## အခန်း (၉)
## ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်များ

၆၆။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းလုပ်ကိုင်သူများသည်-

(က) သတင်းအချက်အလက်များ ရယူရာတွင်ဖြစ်စေ၊ ထည့်သွင်းထုတ်လွှင့်ရာတွင်ဖြစ်စေ ဥပဒေ ပုဒ်မ ၇၅ နှင့် ၇၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီက ထုန်ပြန်ထားသည့် လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ ကို လိုက်နာရမည်။

(ခ) သတင်းအချက်အလက်များ ရိုက်ကူးထုတ်လွှင့်ဖော်ပြရာတွင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ ကမ္ဘာ့ကုလ သမဂ္ဂက ပြဋ္ဌာန်းသတ်မှတ်ထား သည့် လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေး များကို လေးစားရမည်။

(ဂ) ဤနည်းဥပဒေ နောက်ဆက်တွဲ (ဂ)ပါ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာရမည်။

## အခန်း (၁၀)
## ညှိနှိုင်းဖြေရှင်းခြင်းနှင့် အရေးယူခြင်း

၆၇။ ကောင်စီက သတ်မှတ်ပြဋ္ဌာန်းထားသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များကို ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု က ချိုးဖောက်ခြင်းကြောင့် နစ်နာသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ခိုင်လုံသော အထောက်အထားဖြင့် ရှေးဦးစွာညှိနှိုင်းဖြေရှင်းပေးရန် အဆိုပါ ရုပ်ပုံ၊ အသံ၊ ဓာတ်ပုံနှင့် မှတ်တမ်းမှတ်ရာများ ထုတ်လွှင့်ခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၂၀ ရက်အတွင်း တိုင်ကြားလွှာပုံစံ ၁၄ ဖြင့် ကောင်စီသို့ တိုင်ကြားနိုင်သည်။

၆၈။ နစ်နာသည်ဟုယူဆသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ကောင်စီသို့ တိုင်ကြားလွှာဖြင့် တိုင်ကြားပြီးနောက် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားရုံးသို့ တိုက်ရိုက် လျှောက်ထားလျှင် ယင်းတိုင်ကြားလွှာကို ပြန်လည်ရုပ်သိမ်းပေးရမည်။

## အခန်း (၁၁)
## ရုံးအဖွဲ့ ဖွဲ့စည်းခြင်း

၆၉။ ကောင်စီသည်-

(က) ကောင်စီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့မှူး တစ်ဦး၊ ဒုတိယ ရုံးအဖွဲ့မှူးတစ်ဦး၊ မှတ်ပုံတင်အရာရှိ တစ်ဦး၊ ငွေစာရင်းအရာရှိ တစ်ဦးနှင့် ဌာနအလိုက် သတ်မှတ်ထားသည့် ဝန်ထမ်းများဖြင့် ရုံးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) လိုအပ်ပါက ရုံးအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ရုံးအဖွဲ့အတွက် အရာထမ်း၊ အမှုထမ်းများကို ခန့်အပ်ရာတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှု၊ ဆက်သွယ်ရေးနည်းပညာ၊ ရုပ်သံလွှင့်စက်မှုနည်းပညာ၊ သတင်းအချက် အလက်နည်းပညာ၊ စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ဥပဒေပညာရပ် စသည်တို့နှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူများကို ဦးစားပေးရွေးချယ်ရမည်။

(ဃ) ရုံးအဖွဲ့ အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း များ၊ လစာစရိတ် နှင့် ခံစားခွင့်များကို သတ်မှတ်ပေးရမည်။

၇၀။ ရုံးအဖွဲ့မှူးသည်-

(က) မူလတာဝန်များအပြင် ကောင်စီက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ကောင်စီ၏ အစည်းအဝေးများကို တက်ရောက်ရမည်။ ကောင်စီ၏ ခွင့်ပြုချက်ဖြင့် မဲပေးခွင့်ရှိသည်။

(ဂ) လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရုံးအဖွဲ့ကို ဦးဆောင်၍ ကောင်စီကို တာဝန်ခံ ရမည်။

၇၁။ ကောင်စီသည် ရုံးဝန်ထမ်းများနှင့်စပ်လျဉ်း၍-

(က) ဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ပေးခြင်း၊ အရည်အချင်းသတ်မှတ်ခြင်း၊ ဝန်ထမ်းများ၏ လစာ၊ စရိတ်၊ ချီးမြှင့်ငွေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ အနားယူခွင့် ပေးခြင်း၊ နုတ်ထွက်ခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ရာထူးမှ ဖယ်ရှားခြင်းစသည့် ဝန်ထမ်းရေးရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိရေးအတွက် စီစဉ်ဆောင်ရွက် ပေးရမည်။

(ဂ) လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအလို့ငှာ ပြည်တွင်း၊ ပြည်ပ၌ ကျင်းပသော အခမ်းအနားများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်လေ့လာဆည်းပူးစေရန် စီစဉ် ဆောင်ရွက်ပေးရမည်။

(ဃ) တည်ဆဲလူမှုဖူလုံရေးဥပဒေနှင့်အညီ ရုံးအဖွဲ့ဝန်ထမ်းများကို မှတ်ပုံတင်၍ ထည့်ဝင်ကြေးငွေပေးသွင်းပြီး အာမခံထားရှိရေး၊ အလုပ်ခွင်ထိခိုက်မှုအာမခံ အကျိုးခံစားခွင့်ရရှိရေးနှင့် အခြားလူမှုဖူလုံရေး အကျိုးခံစား ခွင့် တို့အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း (၁၂)

## ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ

၇၂။ ဤနည်းဥပဒေများ စတင်အကျိုးသက်ရောက်ခြင်း မရှိမီက ဆောင်ရွက်လျက်ရှိသော ရုပ်မြင်သံကြား နှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများသည်–

(က) နည်းဥပဒေ ၂၂ ပါ သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာ လိုင်စင်ကို ဤနည်းဥပဒေပါ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရယူရမည်။

(ခ) နည်းဥပဒေခွဲ (က) ပါ လိုင်စင်လျှောက်ထားနေဆဲကာလအတွင်း လုပ်ငန်းဆက်လက် ဆောင်ရွက်လိုပါက ကောင်စီက သတ်မှတ်ထားသည့် လိုင်စင်ကြေးနှင့် အခြားသော အခကြေးငွေများကို မပျက်မကွက် ပေးဆောင်ရမည်။

(ဂ) ဤနည်းဥပဒေများနှင့်အညီ လိုင်စင်ရရှိပြီးနောက် လိုင်စင်တွင် ခွင့်ပြုထားသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်သည်။ လိုင်စင်တွင် ခွင့်ပြုထားခြင်း မရှိသည့် လုပ်ငန်းများကို ရပ်ဆိုင်းရမည်။

(ဃ) ဤနည်းဥပဒေများနှင့်အညီ သတ်မှတ်ကာလအတွင်း လိုင်စင်လျှောက်ထားနိုင်မှုမရှိခြင်း သို့မဟုတ် လိုင်စင်လျှောက်ထားခဲ့သော်လည်း အဆိုပါ လျှောက်ထားချက်ကို ငြင်းပယ်ခြင်း ခံရလျှင် ယင်းပုဂ္ဂိုလ်သည် လုပ်ငန်းဆောင်ရွက်မှုများကို ရက်ပေါင်း ၃၀ အတွင်း ရပ်ဆိုင်းရမည်။

## အခန်း (၁၃)

## အထွေထွေ

၇၃။ ကောင်စီသည် သမိုင်းတန်ဖိုးကြီးမားသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် အစီအစဉ်များ နှင့်စပ်လျဉ်း၍ သတ်မှတ်ထုတ်ပြန်ပေးရမည်။

၇၄။ ဤနည်းဥပဒေများအရ ကောင်စီ၏ လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် သဘောရိုးဖြင့် ဆောင်ရွက်ခြင်း သို့မဟုတ် အားထုတ်ဆောင်ရွက်ခြင်းကြောင့် ကောင်စီ၏ ပျက်ကွက်မှု သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုအတွက် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ရုံးအဖွဲ့၏ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ ရာဇဝတ်ကြောင်းအရ လည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။

၇၅။ ဤနည်းဥပဒေများအရ ကောင်စီက ရုံးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်းမရှိမီ ကြားကာလအတွင်း ရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဝန်ကြီးဌာနက သတ်မှတ်ဖွဲ့စည်းပေးသည့် ဝန်ထမ်းများက တာဝန်ယူဆောင်ရွက်ပေး ရမည်။

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန